
# နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ် (NPT) ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်တက်ရောက်ခြင်း

( ၂၈-၇-၂၀၂၃ ရက်၊ ဗီယင်နာမြို့ )

နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ် (Treaty on the Non-Proliferation of Nuclear Weapons-NPT) ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးကို သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ၂၄-၇-၂၀၂၃ ရက်မှ ၂၈-၇-၂၀၂၃ ရက်အထိ ကျင်းပခဲ့ရာ NPT အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

NPT အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စာချုပ်အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် ပြန်လည်သုံးသပ်သည့်လုပ်ငန်းစဉ်များ ပိုမိုထိရောက်အကျိုးဖြစ်ထွန်းစေရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရေး၊ ပူးပေါင်းညှိနှိုင်းမှုနှင့် စဉ်ဆက်မပြတ်ဆက်လက် ဆောင်ရွက်နိုင်ရေးတို့အတွက် အကြံပြုချက်များကိုတင်ပြနိုင်ရန် ၂၀၂၂ ခုနှစ်တွင် နယူးယောက်မြို့၌ ကျင်းပခဲ့သည့် NPTစာချုပ်အကောင်အထည်ဖော်ဆောင်မှုပြန်လည် သုံးသပ်ရေးဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ (၁၀) ကြိမ်မြောက်ညီလာခံ၌ အထက်ပါလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထူထောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၆ ခုနှစ်တွင်ကျင်းပမည့် NPT စာချုပ်အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏(၁၁) ကြိမ်မြောက်ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၃၁-၇-၂၀၂၃ ရက်မှ ၁၁-၈-၂၀၂၃ ရက်အထိ ဗီယင်နာမြို့၌လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၂၄ ခုနှစ်တွင် ဂျီနီဗာမြို့၌လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် နယူးယောက်မြို့၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး၊ ကော်မတီအစည်းအဝေးများသို့ လုပ်ငန်းအဖွဲ့အစည်းအဝေးများက အကြံပြုချက်များတင်ပြနိုင်ရေး ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်ပါသည်။ ယခုကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးတွင် အကြံပြုချက်မူကြမ်းများအဆိုပြု ဆွေးနွေးညှိနှိုင်းခဲ့ကြသော်လည်း တူညီဆန္ဒမရရှိခြင်းကြောင့် အတည်ပြုနိုင်ခြင်းမရှိ ဖြစ်ခဲ့ပါသည်။


MYANMAR